# စက်တင်ဘာလ ၂၀၁၇ခုနှစ်၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ထိန်းသိမ်းခံထားရသူ ၂၂၈ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၄၂ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၁ ဦး သည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၂၇ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။




ဓာတ်ပုံ ဧရာဝတီ
စက်တင်ဘာလ ၂၀၁၇ ခုနှစ်၊

Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အေအေပီပီ၏အင်တာနက်စာမျက်နှာကိုဖတ်ရှုရန်အတွက်ဤနေရာကိုနှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကိုဖတ်ရှုရန်အတွက်ဤနေရာကိုနှိပ်ပါ

အေအေပီပီ၏တွစ်တာစာမျက်နှာကိုဖတ်ရှုရန်အတွက်ဤနေရာကိုနှိပ်ပါ

# တစ်လအတွင်းသုံးသပ်ချက်

စက်တင်ဘာလတွင်းတွင် ရှမ်းပြည်နယ်မှ အရပ်သားတစ်ဦး၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂၊ ၄၄၈၊ ၄၄၇၊ ၂၉၄ တို့ဖြင့် လယ်သမား အရေးလှုပ်ရှားသူ တစ်ဦး၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ)ဥပဒေ ပုဒ်မ ၁၉ ဖြင့် တက်ကြွလှုပ်ရှားသူ တစ်ဦး အပါအဝင် စုစုပေါင်း သုံးဦး ဖမ်းဆီးခံခဲ့ရသည်။ စက်တင်ဘာလတွင်း အသရေဖျက်မှုဖြင့် NLD အဖွဲ့ဝင် နှစ်ဦး၊ ကျောက် မျက်လုပ်ငန်းရှင် တစ်ဦး၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် အမျိုးသမီး နှစ်ဦးတို့သည် တရားစွဲဆိုခြင်းခံခဲ့ရသည်။ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် တရားရင်ဆိုင်နေရသော မြန်မာနိုင်ငံလုံး ဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) မှ ဗဟို ကော်မတီဝင် ကိုမင်းဌေး၊ ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် တက်ကြွလှုပ်ရှားသူတစ်ဦး၊ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် ပုသိမ်မြို့နယ်၊ NLD ပါတီဒုဥက္ကဌ တစ်ဦး တို့သည် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ထို့ပြင် ပုဒ်မ ၁၇(၁) ဖြင့် ရှမ်းပြည်နယ် သီပေါမြို့နယ်တရားရုံးတွင် တရားစွဲဆိုထားသော သတင်းထောက်သုံးဦးနှင့် အရပ်သား သုံးဦး၊ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)၊ သတင်းမီဒီယာဥပဒေ ပုဒ်မ ၂၅(ခ) တို့ဖြင့် ဗဟန်းမြို့နယ်တရားရုံးတွင် တရားစွဲဆိုထားသော The Voice နေ့စဉ် သတင်းစာမှ အယ်ဒီတာချုပ် တစ်ဦး၊ သတင်းမီဒီယာဥပဒေ ပုဒ်မ ၂၅(ခ) ဖြင့် ဗဟန်းမြို့နယ် တရားရုံးတွင် တရားစွဲဆိုထားသော The Voice Daily နေ့စဉ်သတင်းစာမှ သရော်စာ ဆောင်းပါးရှင်တစ်ဦး၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၂ ဖြင့် ဝန်းသိုမြို့နယ်တရားရုံးတွင် တရားစွဲဆိုထားသော The Daily Eleven သတင်းစာမှ အယ်ဒီတာချုပ်တစ်ဦး၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် မြောက်ဥက္ကလာပမြို့နယ် တရားရုံးတွင် တရားစွဲဆိုထားသော တက်ကြွလှုပ်ရှားသူ တစ်ဦး၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) ဖြင့် တောင်ငူမြို့နယ်တရားရုံး၌ တရားစွဲဆိုထားသော တောင်ငူ ဗကသ ကျောင်းသားဟောင်းနှစ်ဦးတို့အား စွဲဆိုထားသော စွဲချက်များကို တပ်မတော်မှ ရုပ်သိမ်းပေးခဲ့သဖြင့် ၎င်းတို့သည် ပြန်လည် လွတ်မြောက်လာခဲ့သည်။ စက်တင်ဘာလတွင်းတွင် ABSDF ဗဟို ကော်မတီဝင် တစ်ဦးဖြစ်သော ကိုမင်းဌေးသည် ပြန်လည် လွတ်မြောက်လာခဲ့သည်။ နိုင်ငံရေးအကျဉ်းသား လေးဦး ဖြစ်သည့် ကိုစိုင်းတင်မင်းထွန်း၊ ကိုဇော်သက်အောင် ခေါ် ကိုကတုံး၊ ကိုလဖိုင်ဂမ်နှင့် ဦးဒွမ်ဒေါ့နောင်လတ်တို့မှာမူ ကျန်းမာရေး ဆိုးရွား လျက်ရှိကြောင်းသိရှိရသည်။

စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရွှေဝါရောင် တော်လှန်ရေး ဆယ်နှစ်ပြည့် အခမ်းအနားကို ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဓမ္မပိယ သာသနာ့ရိပ်သာကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး သံဃာတော်များမှ အရပ်သားအစိုးရအား ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ကို ပြန်လည်ရေးဆွဲရန် တောင်းဆိုခဲ့သည်။ ရွှေဝါရောင် တော်လှန်ရေး၏ အဓိက ရည်မှန်းချက်ဖြစ်သော တပ်မတော်မှ နိုင်ငံရေးတွင် ပါဝင်မှု အဆုံးသတ်ရန် ဆက်လက်တောင်းဆိုလျက်ရှိသော်လည်း ထိုတောင်းဆိုချက်သည် ယခုအချိန်ထိ ပြည့်မြောက်ခြင်း မရှိသေးပါ။ ၂၀၀၇ ခုနှစ်၊ သြဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဖြစ်ပွားခဲ့သော သံဃာတော်များ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားများ ဦးဆောင်သည့် များစွာသော ဆန္ဒပြပွဲများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ အတွက် နိုင်ငံ၏ ရုန်းကန်နေမှု (ကြိုးပမ်းဆောင်ရွက်နေမှု) ကို ပြသနေသော အရေးပါသည့် အမှတ်အသား (ပြယုဂ်) တစ်ခု ဖြစ်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလနှောင်းပိုင်းတွင် စစ်အစိုးရမှ ဆန္ဒပြပွဲများကို အကြမ်းဖက် ဖြိုခွင်းခဲ့သောကြောင့် ထောင်ပေါင်းများစွာသော ဆန္ဒပြသူများသည် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံခဲ့ကြရပြီး ဆန္ဒပြသူ ဒါဇင်ပေါင်းများစွာသည် အသက်ဆုံးရှုံးခဲ့ကြရသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ ရွှေဝါရောင်တော်လှန်ရေးအတွင်း အကြမ်းဖက်ခံခဲ့ရမှုကြောင့် ထိခိုက်နစ်နာခဲ့ရသူ များနှင့်အတူ ရပ်တည်၍ ဂုဏ်ပြုပါသည်။

စက်တင်ဘာလတွင်းတွင် ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ)ဖြင့် ပုသိမ်မြို့နယ်၊ NLD ပါတီ ဒုဥက္ကဋ္ဌ ဦးဆန်းရွှေသည် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအား အသရေဖျက်ခြင်းအတွက် မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်ပါတီဝင် ဦးခိုင်ဇော်အောင်မှ မစုစုကြည်ဆွေကို တရားစွဲဆိုခဲ့သည်။ နိုင်ငံသားများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ရာဇဝတ်မှုမြောက်စေ သော ပုဒ်မ ၆၆(ဃ)အား ဆက်လက် အသုံးပြုနေခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်တွင် သြဂုတ်လ၌ ပြင်ဆင်မှု အနည်းငယ်သာ ပြုလုပ်၍ ပြဋ္ဌာန်းခဲ့သော ဆယ်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေသည် ပြည့်စုံမှု မရှိသည်ကို ပြသနေပြီး နိုင်ငံသားတိုင်း၏ လူ့အခွင့်အရေးများကို ကာကွယ်မှု မပေးနိုင်သည်ကို ညွှန်းဆိုပြနေပါသည်။ ပုဒ်မ ၆၆(ဃ) ကို ပို၍ကောင်းမွန် အောင် ပြင်ဆင်ဖြည့်စွက်ခဲ့ပြီးဖြစ်သည့်အတွက် ဝေဖန်မှုများမရှိတော့သော်လည်း ထိုပုဒ်မသည် ဆက်လက်၍ ချိုးဖောက် နေဆဲဖြစ်သည်။ ထိုဥပဒေဖြင့် စွဲချက်များသည် ပြစ်မှုမြောက်ဆဲဖြစ်ပြီး လူတိုင်း၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ဆက်လက် ကန့်သတ်ထားလျက်ရှိသည်။ ပုဒ်မ ၆၆(ဃ) ဖြင့် အသရေဖျက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ မလျော်ဩဇာ သုံးခြင်း အပါအဝင် ပြစ်မှုများကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသေးဘဲ ထိုပုဒ်မ ၆၆(ဃ)ကို အလွန် လွတ်လပ်စွာ အသုံးပြုနိုင်ရန် ခွင့်ပြုထားခြင်းကြောင့် နိုင်ငံသားများကို ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများ ပြုလုပ်ထားလျက်ရှိသည်။

အသရေဖျက်မှုသည် လူတစ်ဦးတစ်ယောက်၏ လွတ်လပ်ခွင့် တန်ဖိုးကို ကျဆင်းစေရန် သိသာထင်ရှားစွာ စွမ်းဆောင်နိုင်ခြင်း မရှိသောကြောင့် များစွာသော နိုင်ငံသားများ တရားစွဲဆိုခြင်းခံနေရသည့် အသရေဖျက်မှု၊ ပုဒ်မ ၆၆(ဃ)ကို ရာဇဝတ်မှုမြောက်သော ပြစ်မှုတစ်ခုအဖြစ် စဉ်းစားသုံးသပ်ခြင်းမပြုသင့်ပါဟု AAPP မှ ဆက်လက်၍ အလေးပေးပြောကြားအပ်ပါသည်။ တိကျသော ရည်ညွှန်းချက်များပါရှိသည့် အသရေဖျက်မှုစင်စစ်ကို တရားမရေးရာဆိုင်ရာ လက်ခံနိုင်ခြင်းမရှိသော အပြုအမူအဖြစ်သာ စဉ်းစား သုံးသပ်သင့်ပြီး တရားမရေးရာဆိုင်ရာ ဆောင်ရွက်မှုများဖြင့်သာ ဖြေရှင်းသင့်ပါသည်၊ ရာဇဝတ်မှုမြောက်သော ပြစ်ဒဏ်ချမှတ်ကာ အပြစ်ပေးသော ရာဇဝတ်မှုတစ်ခုအဖြစ် စဉ်းစားသုံးသပ်ခြင်းမပြုသင့်ပါ။ AAPP မှ အစိုးရအား ဆက်သွယ်ရေးဥပဒေ၏ ရာဇဝတ်မှုမြောက်စေမှုကို ဖယ်ရှားခြင်းအားဖြင့် ပုဒ်မ ၆၆(ဃ) ကို ဖျက်သိမ်းရန် သို့မဟုတ် သိသာထင်ရှားစွာ ပြင်ဆင်၊ ဖြည့်စွက်ရန် တိုက်တွန်းပြီး စွဲချက်များကို ပို၍ တိကျစွာ အဓိပ္ပာယ် သတ်မှတ်၊ ဖွင့်ဆိုရန် တိုက်တွန်းပါသည်။ မကြာသေးမီက ပြဋ္ဌာန်းခဲ့သော ပုဒ်မ ၆၆(ဃ) ဖြင့် အများဆုံး ထောင်ဒဏ် နှစ်နှစ်ချမှတ်နိုင်သည်ဟူသည့် ပြစ်ဒဏ်သည် အလွန် ပြင်းထန်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို ခွင့်ပြုနေခြင်းဖြစ်သည်သာမက အကျဉ်းထောင်များအား ဝန်ထုပ်ဝန်ပိုးဖြစ်စေသော အကျဉ်းထောင်တွင်း လူဦးရေ ပြည့်ကျပ်နေခြင်းစသည့် ကိစ္စရပ်များကို ဖြစ်ပွားစေပါသည်။

ပုဒ်မ ၆၆(ဃ)ဖြင့် ထောင်ဒဏ် နှစ်နှစ်သို့ လျှော့ချ၍ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ထိုပုဒ်မဖြင့် ပြစ်မှုများကို အာမခံပေးသောကြောင့် စက်တင်ဘာလတွင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ် ဝင်ပေါက်များ ကြီးကြပ်ရေး အထူးကိုယ်စားလှယ် ဦးမင်းအောင်၊ မဇ္ဈိမသတင်းဌာနမှ သတင်းထောက် နိုင်ကျော်စွာမျိုး (ခေါ်) ဒေါင်းလူ နှင့် ဒီဗွီဘီ သတင်းဌာနမှ သတင်းထောက် ကိုဘဦး နှင့် အောင်လံဒေသခံ ငါးဦးတို့သည် အာမခံရရှိခဲ့သည်။ ထိုဥပဒေကို ပြင်ဆင်ဖြည့်စွက်ခဲ့ပြီးသည့်နောက်ပိုင်း နိုင်ငံသားများသည် အာမခံဖြင့် လွတ်မြောက်ခဲ့သော်လည်း ထိုဥပဒေမှ စွပ်စွဲခံရသူကို အာမခံခွင့်ပြုကောင်း ခွင့်ပြုရမည်ဟု ဖော်ပြထားသောကြောင့် စွပ်စွဲခံရသူသည် အာမခံ ရရှိရန် သေချာခြင်းမရှိသည်ကို သိရှိနားလည်ရန်မှာ အရေးကြီးပြီး ထိုဥပဒေသည် တရားသူကြီးများအား လုပ်ပိုင်ခွင့်များပေးထားဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ်ကတည်းက AAPP မှ ထိုအမှုများကို မှတ်တမ်းပြုလျက်ရှိပြီး ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခြင်းခံရသူများအတွက် အာမခံခွင့်ပြုချင်းဆိုင်ရာ သတ်မှတ်ထားသော စံချိန်၊ စံညွှန်းများ မရှိသည်ကို တွေ့ရှိရ သည်။

.

အပြစ်ရှိသည်ဟု သက်သေမပြနိုင်သည့်တိုင် စွပ်စွဲခံရသူသည် အပြစ်မရှိဟု သတ်မှတ်နိုင်သည့်အတွက် အာမခံသည် ရာဇဝတ်မှု ဆိုင်ရာ တရားရေးစနစ်၏ အခြေခံကျသော ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ စွဲချက်များကို ရုပ်သိမ်းခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်သည့်တိုင်အောင် စွပ်စွဲခံရသူအား ထိုနည်းလမ်းဖြင့် ရှုမြင်သင့်ပါသည်။ ထိုအခြင်းအရာသည် စွပ်စွဲခံရသူအတွက် ၎င်းတို့၏ နေ့စဉ်ဘဝများကို တည်ဆောက်နိုင်ရန်နှင့် ၎င်းတို့၏ မိသားစုများကို ပံ့ပိုးမှုပေးနိုင်ရန် အလွန် အရေးကြီးပါသည်။ စွပ်စွဲခံရသူကို ဝန်ခံချက်ပေးရန်အတွက် အကြပ်ကိုင်ရန် သို့မဟုတ် စွပ်စွဲခံရသူကို ဥပဒေဆိုင်ရာ ဆွေးနွေးမှုရရှိခြင်းမှ ကန့်သတ်ထားရန် ကြာရှည်စွာ တရားခွင် ကြားနာစစ်ဆေးမှုများရှိနေခြင်းကြောင့် အာမခံပေးခြင်းသည် အရေးကြီးပါသည်။ တရားရင်ဆိုင်ခြင်းမပြုမီ ထိန်းသိမ်းထားခြင်းသည် အကျဉ်းထောင်စနစ်ကို ပို၍တာဝန်ပိစေပြီး အကျဉ်းထောင်တွင်း လူဦးရေ ပြည့်ကျပ်ခြင်း ပြဿနာများကိုလည်း ဖြစ်ပွားစေပါသည်။

ရှင်းလင်းစွာ သတ်မှတ်ထားသော အာမခံမပေးနိုင်သည့် ပြစ်မှုများမှလွဲ၍  တရားရုံးများ လက်စွဲ သို့မဟုတ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေများတွင် အာမခံ ငြင်းပယ်ခြင်း သို့မဟုတ် အာမခံ ခွင့်ပြုခြင်းအတွက် ရှင်းလင်းသော ရည်ညွှန်းချက်၊ သတ်မှတ်ချက်များ မရှိသည့်အတွက် ထိုအခြင်းအရာနှင့် ပတ်သက်ပြီး တရားသူကြီးများအား လုပ်ပိုင်ခွင့်များစွာ ပေးထားသည့် အဓိပ္ပာယ်သက်ရောက်ပါသည်။  မြန်မာနိုင်ငံသည် ၎င်း၏ ပြစ်မှု ဆိုင်ရာ ဥပဒေများကို ပြုပြင်ပြောင်းလဲသင့်ပြီး တခြားနိုင်ငံများနှင့် အလားတူသော ရှင်းလင်း၊တိကျသော အာမခံဆိုင်ရာ ရည်ညွှန်းချက်များကို ရေးဆွဲသင့်သည်။ ဥပမာအားဖြင့် အင်္ဂလန်နိုင်ငံတွင် ၁၉၇၆ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သော အာမခံအက်ဥပဒေ၊ ပုဒ်မ ၄ ၌  အာမခံပေးရန်အတွက် သတ်မှတ်ထားသော ချုပ်လုပ်ထားမှုများ သို့မဟုတ် ခြွင်းချက်များမရှိလျှင် မည်သည့်အခြေအနေတွင်မဆို စွပ်စွဲခံရသူသည် အာမခံရရှိရမည်ဖြစ်သည်။ ထိုအာမခံအက်ဥပဒေတွင် အာမခံ ချန်လှပ်ထားခွင့်ကို ရှင်းလင်းစွာ ပြဋ္ဌာန်းထားပြီး လူသတ်မှုများ (လူသတ်ရန်ကြိုးပမ်းမှု သို့မဟုတ် လူသတ်ရန်လှုံ့ ဝှက် ပူးပေါင်းကြံစည်မှုများ မပါဝင်ဘဲ)၊ လူသေမှုများ၊ ပြင်းထန်သော လိင်ပိုင်းဆိုင်ရာ ပြစ်မှုများနှင့် အဆင့် (က) သတ်မှတ်ထားသော မူးယစ်ဆေးဝါးသုံးစွဲသူများကို အာမခံ ချန်လှပ်ထားခွင့်ရှိသည်။ ထိုမျှသာမက စွပ်စွဲခံရသူသည် ပြန်လည်တရားရင်ဆိုင်ခြင်းပြုမည်မဟုတ်ဟု ယုံကြည်လျှင်၊ အာမခံရရှိချိန်တွင် တခြား ပြစ်မှု ကျူးလွန်ခြင်း သို့မဟုတ် သက်သေနှင့်အတူ ဝင်ရောက် စွက်ဖက် နှောင့်ယှက်ခြင်း သို့မဟုတ် တရားစီရင်မှုကို နှောင့်ယှက်ခြင်းတို့ ပြုလုပ်လျှင် အာမခံငြင်းပယ်နိုင်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ (UDHR) စာတမ်း ပုဒ်မ ၁၁ တွင် အပြစ်ရှိသည်ဟု ခိုင်လုံသော အထောက်အထားမရှိလျှင် ထိုသူသည် အပြစ်မရှိဟု ဖော်ပြထားသည့်အတွက် ပို၍ ရှင်းလင်း ပြည့်စုံသော အာမခံဥပဒေကို ပြဋ္ဌာန်းခြင်းအားဖြင့် လူတိုင်း မျှတသော တရားစီရင်မှုရရှိရန် သေချာစေပါသည်။

ဩဂုတ်လအစောပိုင်းတွင် ကလေးစစ်သားဟောင်းကိုအောင်ကိုထွေးသည် ကလေးစစ်သားအဖြစ် အဓမ္မစုဆောင်းခံခဲ့ရစဉ်က အတွေ့အကြုံများနှင့် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရစဉ်က ကြုံတွေ့ခဲ့ရသော အကျဉ်းထောင်တွင်း အတွေ့အကြုံများကို လွတ်လပ်သောအာရှအသံ (RFA) သတင်းဌာနနှင့် အမေး၊ အဖြေပြုလုပ်ခဲ့သောကြောင့် နိုင်ငံတော်အကြည်အညိုပျက်စေမှု၊ ရာဇသတ် ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် တရားရင်ဆိုင်နေရသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ပုဒ်မ ၁၉ တွင် လူတိုင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်ဟု ဖော်ပြထားသည့်အတွက် ကိုအောင်ကိုထွေးကို  တရားစွဲဆိုထားခြင်းသည် သူ၏ အခွင့်အရေးကို ချိုးဖောက်ခံရခြင်းဖြစ်သည်။

.

ကိုအောင်ကိုထွေးအား အဓမ္မခေါ်ဆောင်ခြင်း၊ ကလေးစစ်သားအဖြစ် စုဆောင်းခြင်း၊ အသက်မပြည့်ဘဲ အဓမ္မ တာဝန် ထမ်းဆောင်စေခြင်းနှင့် ကာယလုပ်သားအဖြစ် အလုပ်လုပ်ရခြင်းတို့သည် ၁၉၉၁ ခုနှစ်တွင် အစိုးရမှ လက်မှတ်ရေးထိုး၍ အတည်ပြုခဲ့ သော ကမ္ဘာ့ကုလသမဂ္ဂ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)တွင် ဖော်ပြထားသော ပုဒ်မ ၃၂ (စီးပွားရေးဆိုင်ရာ ခေါင်းပုံဖြတ်မှုမှ တားဆီး ကာကွယ်ခွင့်)၊ ပုဒ်မ ၃၅ (ကလေးများအား ပြန်ပေးဆွဲခြင်း၊ ရောင်းစားခြင်းနှင့် ကူးသန်းရောင်းဝယ်ခြင်းတို့မှ တားဆီး ကာကွယ်ခွင့်)၊ ပုဒ်မ ၃၆ (ကလေးများအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမှ တားဆီးကာကွယ်ခွင့်)၊ ပုဒ်မ ၃၇ (အသက် ၁၅ နှစ်အောက်ကလေးများကို ပဋိပက္ခများတွင် ပါဝင်ခွင့်မှ တားဆီးကာကွယ်ခွင့် သို့မဟုတ် တပ်သားအဖြစ် စုဆောင်းခြင်းမှ တားဆီး ကာကွယ်ခွင့်) စသည်တို့ကို ချိုးဖောက်လျက်ရှိသည်။ ကိုအောင်ကိုထွေး ကြုံတွေ့ခဲ့ရသော ပြုမှုဆက်ဆံခံရမှုများသည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (ICCPR) တွင် ဖော်ပြထားသော ပုဒ်မ ၇ (မည်သူကိုမှ လူသားမဆန်သော၊ ရက်စက် ကြမ်းကြုတ်သော အပြုအမူများနှင့် နှိပ်စက်မှုများ မခံစားစေရ)၊ ပုဒ်မ ၈ (မည်သူ့ကိုမှ ကျွန်ပြုခြင်းနှင့် ကျေးကျွန်အဖြစ် အလုပ်ခိုင်းစေခိုင်းခြင်း မပြုရ)၊ ပုဒ်မ ၂၄ (ကလေးများအား ၎င်းတို့၏ နိုင်ငံ၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းတို့မှ ကာကွယ်ခွင့်) တို့ကိုချိုးဖောက်လျက်ရှိသည်။

ထို့ပြင် ကိုအောင်ကိုထွေးသည် လုံလောက်သော တရားခွင် ကြားနာစစ်ဆေးမှု မရရှိခဲ့ပါ။ ထိုအခြင်းအရာမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ပုဒ်မ ၁၀ တွင် ပြဋ္ဌာန်းထားသော လူတိုင်းမျှတသော တရားစီရင်မှု ခံယူခွင့်ရှိပြီး လူအများ ကြားနာ နိုင်သော တရားရုံးဖြစ်ရမည်ဆိုသည်ကို ချိုးဖောက်ခြင်းဖြစ်သည့်ပြင် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ ပုဒ်မ ၁၄ တွင် ခိုင်လုံသောထောက်အထား ဖြင့်အပြစ်ရှိသည်ဟု စီရင်ခ ျက်မချမချင်း ထိုသူတွင်အပြစ်မရှိ ဆိုသည်ကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်။

ကလေးစစ်သားများ စုဆောင်းခြင်းကို အဆုံးသတ်ရန် မြန်မာ-ကမ္ဘာ့ကုလသမဂ္ဂ အရေးယူ ဆောင်ရွက်မှု အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းမရှိလျှင် ကလေးများသည် ဆက်လက်၍ စစ်သားအဖြစ်စုဆောင်းခြင်း ခံနေရဦးမည် ဖြစ်သည်။ ယခုချိန်ထိတိုင်အောင် မြန်မာနိုင်ငံတွင်း ကလေးစစ်သားများနှင့် ပတ်သက်သော အစီရင်ခံမှုများ မရှိသည့်အတွက် AAPP မှ ကလေးစစ်သား တားဆီးကာကွယ်ရေး အက်ဥပဒေ စာရင်းကို ချက်ချင်း ပြန်လည် ထည့်သွင်း ထားရှိရန် အကြံပြုပြီး ၁၉၉၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ကလေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသော စည်းမျဉ်းများကို လိုက်နာရန် အကြံပြုပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ရန်အတွက် ယခင်စစ်အစိုးရဟောင်းများ လက်ထက်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းများအပါအဝင် နစ်နာသူများ၏ လိုအပ်ချက်များအပေါ်တွင် အခြေခံထားသော ပြန်လည်ကုစားပေးရေး လုပ်ငန်းစဉ်ကို အစိုးရမှ စတင် အကောင် အထည်ဖော်ရန် အရေးကြီးပါသည်။

စက်တင်ဘာလတွင်းတွင် တပ်မတော်မှ အောက်ပါ သတင်းသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ အရပ်သားများအား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းခဲ့သောကြောင့် သက်ဆိုင်ရာ တရားရုံးအသီးသီးမှ အမှုများကို ပိတ်သိမ်းခဲ့သည်။

- စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ သီပေါမြို့နယ်တရားရုံးမှ မတရားအသင်းအက်ဥပဒေ၊ ပုဒ်မ ၁၇(၁) ဖြင့် တရားရင်ဆိုင်နေရသော ဒီမိုကရက်တစ်မြန်မာ့ အသံ (DVB) သတင်းဌာနမှ အကြီးတန်းသတင်းထောက် ဦးအေးနိုင်နှင့် ဦးပြည့်ဘုန်းနိုင်၊ ဧရာဝတီသတင်းဌာနမှ သတင်းထောက် ဦးသိန်းဇော်(ခ) လဝီဝမ် နှင့် အရပ်သားများဖြစ်ကြသော

.

မိုင်းထွန်းအေး၊ မိုင်းဆန်းညွန့်နှင့် မိုင်းအောင်ခမ်းတို့အား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းခဲ့ပြီး အမှုအား ရုပ်သိမ်းခဲ့သည်။ ၎င်းတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တအာင်း(ပလောင်) TNLA နယ်မြေအတွင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးများ ဖျက်ဆီးမှု အခမ်းအနားသို့ သွားရောက်ပြီးအပြန်တွင် ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၊ မြို့သစ်ကျေးရွာအနီး၌ ဇွန်လ ၂၆ ရက်နေ့က ဖမ်းဆီးခံခဲ့ရသည်။

- စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီး လင်းထွန်း မှ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)၊ သတင်းမီဒီယာ ဥပဒေ ပုဒ်မ ၂၅(ခ) တို့ဖြင့် တရားရင်ဆိုင်နေရသော The Voice Daily နေ့စဉ်သတင်းစာမှ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေ၊ သတင်းမီဒီယာ ဥပဒေ ပုဒ်မ ၂၅(ခ)ဖြင့် တရား ရင်ဆိုင် နေရသော The Voice Daily နေ့စဉ် သတင်းစာမှ ကိုကျော်စွာနိုင် ခေါ် ဗြိတိသျှ ကိုကိုမောင်တို့အား သတင်းမီဒီယာ ဥပဒေ ပုဒ်မ ၂၅(ခ)ဖြင့် စွဲဆိုထားသော စွဲချက်ကို ရုပ်သိမ်းပေးခဲ့သည်။ ထို့ပြင် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဗဟန်းမြို့နယ်တရားရုံး၌ ဦးကျော်မင်းဆွေအား ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် စွဲဆို ထားသော စွဲချက်ကို အပြီးသတ်ရုပ်သိမ်းပေးခဲ့သည်။
- ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်တို့ကြား တိုက်ပွဲများ ဖြစ်ပွားနေသော သတင်းကို ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် ရေးသားထုတ်ဝေခဲ့ခြင်းအတွက် ဝန်းသိုမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၂ ဖြင့် တရားရင်ဆိုင်နေရသော The Daily Eleven မှ အယ်ဒီတာချုပ် ကိုဝေဖြိုးအား စွဲဆိုထားသော စွဲချက်ကိုလည်း ရုပ်သိမ်းပေးခဲ့သည်။
- မြန်မာနိုင်ငံ၏ တရားရေးစနစ်ကို ဝေဖန်ခဲ့ခြင်းအတွက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသော ဒီမိုကရေစီအရေး စဉ်ဆက်မပြတ် လှုပ်ရှားသူများအဖွဲ့မှ ခေါင်းဆောင်ဖြစ်သူ ကိုထင်ကျော်အား ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)ဖြင့် စွဲဆိုထားသော စွဲချက်ကို ရုပ်သိမ်းပေးခဲ့ သည်။ ထို့ကြောင့် စက်တင်ဘာလ ၄ ရက်နေ့တွင် ကိုထင်ကျော်သည် အင်းစိန်အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။
- စက်တင်ဘာလ ၁၂ ရက်နေ့တွင် တောင်သူမြို့နယ်တရားရုံးတွင် ‌ေ တာင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးတစ်ဦးမှ ကေတုအိုးဝေတော်လှန်ရေး သံချပ်ကို ဦးဆောင်ခဲ့သူနှစ်ဦးဖြစ်သော တောင်ငူမြို့မှ ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) ကျောင်းသား ဟောင်း ကိုအောင်ထက်နှင့် တောင်ငူခရိုင် ဗကသ ဥက္ကဌ ကိုဗစ်တာတို့အား စွဲဆိုထားသော နိုင်ငံတော် အကြည်ညိုပျက်စေမှု ၊ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ)စွဲချက်ကို ရုပ်သိမ်းခဲ့သည်။ ပြီးခဲ့သည့် သင်္ကြန်ကာလတွင် ကိုဗစ်တာနှင့် ကိုအောင်ထက်တို့ ဦးဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ကေတုအိုးဝေသံချပ်အဖွဲ့ သည် ‌ေတာင်ငူမြို့ပေါ်ရှိ ဖျော်ဖြေရေးမဏ္ဍပ်များ တွင် ဖျော်ဖြေမှု ပြုလုပ်ခဲ့သည်။ အဆိုပါ သံချပ်ပါ စာသားများသည် တပ်မတော် ၏ ပုံရိပ်ကို ထိခိုက်စေ သည့်အတွက် တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်သည်။

AAPP မှ ထိုအခြင်းအရာကို ကြိုဆိုသော်လည်း ကနဦး ဖမ်းဆီးခြင်းများ၊ ထိန်းသိမ်းထားခြင်းများနှင့် တရားစွဲဆိုမှုများသည် တစ်ဖက်သတ်ဆန် သည်ဟု အလေးပေးပြောကြားချင်ပြီး လွတ်မြောက်လာသူများသည် ၎င်းတို့၏ လူ့ အခွင့်အရေးများကို ကျင့်သုံးခြင်းအတွက် တရားမျှတမှုမရှိစွာ တရားစွဲဆိုခြင်းခံခဲ့ရသည်ဟု ပြောကြားချင်ပါသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဖိနှိပ်ရန်နှင့် တရားစွဲဆိုရန် ဖိနှိပ်ထားသော ဥပဒေများကို ဆက်လက် ထားရှိ ဆဲဖြစ်ပြီး ထိုဥပဒေများကို လက်နက်သဖွယ် ဆက်လက် အသုံးပြုလျက်ရှိသည်။ ထို့ကြောင့် AAPP မှ အစိုးရအား လူ့အခွင့်အရေး စံချိန်၊ စံညွှန်းများနှင့်အညီ ဖိနှိပ်ထားသော

.

ဥပဒေများ အားလုံးကို ပြင်ဆင်ဖြည့်စွက်  ပါရန် သို့မဟုတ် ဖျက်သိမ်း  ပါရန် တိုက်တွန်းပြီး လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးသူများအား ထောင်သွင်း အကျဉ်းချနေမှုကို အဆုံးသတ်ရန်လည်း တိုက်တွန်းပါသည်။

စက်တင်ဘာလတွင်း  တပ်မတော်မှ အမှုရုပ်သိမ်းပေးခဲ့သဖြင့်  လွတ်မြောက်လာခဲ့သူ  (၁၂)ဦးကို တရားစွဲဆို ရန် အသုံးပြုခဲ့သော ရာဇသတ်ကြီးပုဒ်မ ၅၀၂၊ ၅၀၅(က)၊ ၅၀၅(ခ)၊ သတင်း မီဒီယာဥပဒေ၊ ပုဒ်မ  ၂၅(ခ)၊ ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ  ၆၆(ဃ)၊ မတရားအသင်း အက်ဥပဒေ ပုဒ်မ  ၁၇(၁) ကဲ့သို့သော ဖိနှိပ်ထားသည့် ဥပဒေများနှင့် ပတ်သက်ပြီး  ဥပဒေပြုအမတ်များမှ အထူးအာရုံစိုက်၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၃၅၄ တို့တွင် လူတိုင်း လွတ်လပ်စွာ ထင်မြင်ယူဆခွ င့်၊ ထုတ်ဖော် ပြောဆိုခွင့်၊ လူတိုင်း ငြိမ်းချမ်းသောနည်းဖြင့် ဖွဲ့စည်းထားသော အဖွဲ့များသို့ လွတ်လပ်စွာ ဝင်ခွင့်ရှိသည်ဟု ေ ဖာ်ပြထားသည့်အတွက် ထိုဥပဒေများ နှင့် အခြား ဖိနှိပ်ထားသော ဥပဒေများသည် အခြေခံ လူ့အခွင့်အရေးများကို ချိုးဖောက်လျက်ရှိသည်။

နိုင်ငံ၏ ဆက်လက်ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ကြောင့် မတရားအသင်းအဖြစ် သတ်မှတ်ထားသော အဖွဲ့အစည်းများရှိနေပြီး တက်ကြွလှုပ်ရှားသူများ၊ တိုင်းရင်းသားများ၊ သတင်းထောက်များနှင့် အစိုးရမှ မတရားအသင်းအဖြစ် သတ်မှတ်ထားသော အဖွဲ့အစည်းများတွင် ပါဝင်ေ နသူများနှင့် ဆက်နွယ်ေ နသူများကို ဖိနှိပ်ရန်  မတရားအသင်းအက်ဥပဒေ၊ ပုဒ်မ  ၁၇(၁)ကို အသုံးပြုလျက်ရှိခြင်းသည် လူတိုင်း၏ အခွင့်အရေးများဖြစ်ေ သာ ငြိမ်းချမ်းသောနည်းဖြင့် ဖွဲ့စည်းထားသော အဖွဲ့များသို့ လွတ်လပ်စွာဝင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို ချိုးဖောက် လျက်ရှိသည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ)ကို မကြာသေးမီက ပြင်ဆင်ဖြည့်စွက်ခဲ့ပြီးဖြစ်သော်လည်း ရှင်းလင်းမှုမရှိသော အသရေဖျက်မှု ဝေါဟာ  ရကြောင့် ထိုပုဒ်မကို တရား  မျှတမှုမရှိစွာဖြင့် ရာဇဝတ်မှုမြောက်အောင် ဆက်လက် အသုံးပြုလျက်ရှိသည်။  ပုဒ်မ  ၆၆(ဃ)ကို  နိုင်ငံရေးဆိုင်ရာ သဘောကွဲလွဲသူများနှင့် မီဒီယာသမားများအား ဖိနှိပ်ရန် လက်နက်သဖွယ် ဆက်လက် အသုံးပြုလျက်ရှိသည်။ ပုဒ်မ  ၆၆(ဃ)ကဲ့သို့ ရာဇသတ်ကြီးပုဒ်မ ၅၀၂ သည် အသရေပျက်စေသော အကြောင်းပါရှိသည့် ပုံနှိပ်ထားသော အရာကိုဖြစ်စေ၊ ထုသွင်းထားသော အရာကိုဖြစ်စေ ရောင်းခြင်းမှ  ဟန့်တားထားလျက်ရှိသည်။  တိကျသော အသရေဖျက်မှု ဝေါဟာရကို သတ်မှတ်ထားခြင်းမရှိသော  ကြောင့်  ထိုဥပဒေဖြင့် တရားစွဲဆိုခံရသော နိုင်ငံသားများ သည် ထောင်ဒဏ် နှစ်နှစ်အထိကျခံရနိုင်သည်။

သတင်းမီဒီယာဥပဒေ၊  ပုဒ်မ  ၉(ဃ)၊(စ)နှင့်(ဆ)  တို့ကို ချိုးဖောက်ခြင်းအတွက် ဒဏ်ငွေ သုံးသိန်း  ကျပ်မှ ဆယ်သိန်းကျပ်အထိ ချမှတ်နိုင်သည်ဟု သတင်းမီဒီယာဥပဒေ၊ ပုဒ်မ  ၂၅(ခ)တွင် ပြဋ္ဌာန်းထားသည်။  သတင်းထောက်များ၊  အခြားမီဒီယာသမားများကို ဖိနှိပ်ရန်နှင့် ရေငုံနှုတ်ပိတ်သွားစေရန်  ဆက်သွယ်ရေးဥပဒေ ပုဒ်မ  ၆၆(ဃ)ကို အခြားနည်းလမ်းအဖြစ် အသုံးပြုသော သတင်းမီဒီယာဥပဒေ၊ ပုဒ်မ  ၉(ဆ)  သည်  စာနယ်ဇင်း လွတ်လပ်ခွင့်ကို ကန့်သတ်ထား  လျက်ရှိပြီး  မီဒီယာသမားများအား ဝေဖန်စာများရေးခြင်းမှလည်း ကန့်သတ်ထားလျက်ရှိသည်။

ပြည်သူ့ဝန်ထမ်းများကြားတွင် ပုန်ကန်ရန် လှုံ့ဆော်ခြင်း၊ ပြည်သူများ  ကြားတွင် အုံကြွမှုဖြစ်စေရန် နှိုးဆော်ြ ခင်းတို့ ပြုလုပ်လျှင် ပုဒ်မ ၅၀၅(က)နှင့် (ခ) တို့ဖြင့် ထော င်ဒဏ် နှစ်နှစ်  ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။  လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်နှင့် စုဝေးခွင့်တို့ကို  နိုင်ငံတော် အကြည်အညိုပျက်စေမှုဖြင့် ြ ပစ်မှုမြောက်အောင် အာဏာပိုင်များအား

လုပ်ပိုင်ခွင့်များ ပေးထားသော ရှင်းလင်းတိကျမှုမရှိသည့် ထိုဥပဒေများကို အစိုးရနှင့် တပ်မတော်တို့အား ဆန့်ကျင်သော အမြင်များထုတ်ဖော်သော ဆန္ဒပြသူများနှင့် နိုင်ငံရေးဆိုင်ရာ သဘောကွဲလွဲသူများ ကို ထောင်သွင်းအကျဉ်းချရန် အသုံးပြုလျက်ရှိသည်။

သတင်းသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ မီဒီယာသမားများအပါအဝင် (၁၂) ဦး မမျှော်လင့်ဘဲ ရုတ်တရက် လွတ်မြောက်လာခြင်းသည် အလွန်ကောင်းမွန်သော သတင်းဖြစ်၍ AAPP မှ ထောက်ခံကြိုဆိုပြီး သတင်းမီဒီယာများ၊ အရပ်ဘက် အဖွဲ့အစည်းများ (CSOs) နှင့် လူ့အခွင့်အရေး လှုပ်ရှားသူများမှ ချီးကျူးလျက်ရှိစဉ်တွင်း တပ်မတော်မှ တခြားသော တရားစွဲဆိုမှုများကို ပြုလုပ်နေခြင်းများအားလည်း စိုးရိမ်မှုများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။ အတိတ်ကာလတွင် ယခင်စစ်အစိုးရဟောင်းများမှ နိုင်ငံတကာ ဖိအားနှင့် ဝေဖန်မှု များကို ကျော်လွှားရန် နည်းလမ်းတစ်ခုအဖြစ် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခဲ့သည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ်တွင် ထင်ရှားသော အတိုက်အခံနှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ အကြီးတန်း အရာရှိ ဦးဝင်းတင် အပါအဝင် ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူ ခုနစ်ဦးကို လွှတ်ပေးခဲ့ခြင်းသည် ထိုအချိန်က အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တရားရင်ဆိုင်နေရခြင်းအတွက် နိုင်ငံတကာ၏ ဖိအားများကိုလျော့ကျစေရန် ပရိယာယ်တစ်ခုဖြစ်သည်ဟု နိုင်ငံတကာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ (AI) အပါအဝင် အခြားဝေဖန်သူများမှ ဝေဖန်ခဲ့ကြသည်။ သတင်းသမားများ၏ထောက်ခံမှုနှင့် နာမည် ကောင်းရရှိရန်အတွက် နိုင်ငံရေးအကျဉ်းသားများကို အပေးအယူအဖြစ် မည်သည့်အခါမှ အသုံးမချသင့်ပါဟု AAPP မှ အလေးပေး ပြောကြားချင်ပါသည်။ နိုင်ငံတကာ အာရုံစိုက်မှုတိုးလာသောအချိန်အတွင်း ထို လူသိများသော အမှု (၁၂)မှုအား လွှတ်ပေးခဲ့ခြင်း ဖြစ်ပြီး AAPP တင်ပြထားသည့် လက်ကျန်နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းအားဖြင့် စစ်မှန်သော နိုင်ငံရေးဆိုင်ရာ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုရရှိရန် ကတိပြုထားမှုကို ပြသရာရောက်သည်။ အစိုးရဟောင်းများမှ တာဝန်ယူဆောင်ရွက်ရန် ဝန်လေးလျက် ရှိသော မရှိမဖြစ်အရေးပါသော ခြေလှမ်းတစ်ရပ်သည် နိုင်ငံရေး အကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သတ်မှတ်ပေးရန်ဖြစ်သည်။ စစ်မှန်သော ဒီမိုကရေစီတွင် မည်သည့် နိုင်ငံရေးအကျဉ်းသားမျှ မရှိရသောကြောင့် နိုင်ငံသားများ၏ နိုင်ငံရေးဆိုင်ရာ အမြင်များ၊ ယုံကြည်ချက်များ သို့မဟုတ် လှုပ်ရှားမှုများအတွက် ၎င်းတို့ကို ထောင်သွင်းအကျဉ်းချခြင်းမှ တားဆီး ကာကွယ်နိုင်ရန် အတွက် ကျွန်ုပ်တို့၏ နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက် သတ်မှတ်နိုင်ရန် သို့မဟုတ် AAPP၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုပြုလုပ်ပြီး အလားတူသော အဓိပ္ပါယ်သတ်မှတ်ချက် ပြုလုပ်ပါရန် AAPP မှ အစိုးရအား တိုက်တွန်းပါသည်။

မကြာသေးမီက လွတ်မြောက်လာခဲ့သူများ၊ မီဒီယာသမားများကို အလွန်အကျွံ ဖော်ပြနေစဉ်အတွင်း မြန်မာနိုင်ငံတွင်း မီဒီယာ လွတ်လပ်ခွင့် အခြေအနေနှင့် ပတ်သက်ပြီး စိုးရိမ်ဖွယ်ရာ သံသယများ မြင့်တက်လျက်ရှိသည်။ ယခုလက်ရှိဖြစ်ပွားနေသော ကိစ္စရပ်များကို ပြည်သူများ သိရှိစေရန် လုပ်ဆောင်ခြင်းနှင့် သတင်းအချက်အလက်များ မျှဝေခြင်းတို့ကို လုပ်ဆောင်ရမည်မှာ မီဒီယာသမားများနှင့် သတင်းထောက်များ၏ အလုပ်ဖြစ်ခြင်းကြောင့် နိုင်ငံတွင်း လက်ရှိ ဖိနှိပ်ထားသော ဥပဒေများသည် ၎င်းတို့အတွက် ပို၍ အန္တရာယ်ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင်း မီဒီယာသမားများသည် ၎င်းတို့ ထိုက်တန်သော လွတ်လပ်ခွင့်ကို ဆုံးရှုံးနေဆဲဖြစ်ပြီး အမျိုးမျိုးသော ဖိနှိပ်ထား သည့် ဥပဒေများကို အထောက်အကူယူ၍ အများအားဖြင့် တပ်မတော်မှ ၎င်းတို့အား ဆက်လက်၍ ဖိနှိပ်ထားလျက်ရှိသည်။ သတင်းသမားများကို ကာကွယ်ပေးရေး ကော်မတီ (CPJ)မှ မြန်မာနိုင်ငံသည် ဆင်ဆာအများဆုံး စိစစ်သော ကိုးခုမြောက်နိုင်ငံဖြစ်သည်ဟု သတ်မှတ်ခဲ့ပြီး နယ်စည်းမခြား သတင်းထောင်များအဖွဲ့ (RSF) မှလည်း မြန်မာနိုင်ငံကို ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့သတင်းလွတ်လပ်ခွင့် အညွှန်းကိန်းတွင် အဆင့် ၁၃၁ ဆင့် အဖြစ် သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့်

.

မီဒီယာသမားများ၏ အခွင့်အရေးများကို ကာကွယ်ရန် ဥပဒေများကို ပြဋ္ဌာန်းရ မည်ဖြစ်သည်။ ထိုမျှသာမက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၃၅၄ တွင် နိုင်ငံသားတိုင်းသည် ၎င်းတို့၏ ခိုင်မာသော ထင်မြင် ယူဆချက်နှင့် သဘောထားများကို လွတ်လပ်စွာ ဖော်ပြခွင့်နှင့် ထုတ်ဝေခွင့်ရှိသည်၊ သတင်းမီဒီယာ ဥပဒေ၊ ပုဒ်မ ၄(က)၊ (ခ)နှင့် (ဂ) တို့တွင် မီဒီယာသမားများသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားရေးဆိုင်ရာ ဆောင်ရွက်ချက်များ ကို ဝေဖန်ပိုင်ခွင့်၊ သတင်းအချက် အလက်များနှင့် ထင်မြင်ယူဆချက်များကို စုံစမ်းခွ င့်၊ ထုတ်ဝေခွင့်နှင့် အသံလွှင့်ခွင့်ရှိရမည်၊ နိုင်ငံသားများ ဆုံးရှုံးနေသော အခွင့်ထူးများ၊ အခွင့်အရေးများနှင့် ဆက်နွယ်လျက်ရှိသည့် ကိစ္စရပ်များကို ထုတ်ဖော်ခွင့်ရှိရမည်ကဲ့သို့သော နိုင်ငံတွင်းရှိနေသည့် ဖွဲ့စည်းပုံဆိုင်ရာ ဥပဒေနှင့် ပြည်တွင်းဥပဒေများကို လိုက်နာစောင့်ထိန်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) သည် မန္တလေးခရိုင် အတွင်းရှိ မြို့နယ်ခုနစ် မြို့နယ်မှ အကျဉ်းထောင်များ၊ တရားရုံး၊ ရဲစခန်း အချုပ်ခန်းများ၊ အကျဉ်းစခန်းများဖြစ်သည့် ကျောက်ထုတ်စခန်း များ၊ ငါးရက်တာ သွား ရောက်စစ်ဆေးခဲ့စဉ်အတွင်း မန္တလေး အိုးဘိုအကျဉ်းထောင်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တွေ့ရှိခဲ့ရသည်။ အကျဉ်းသား ၃၂ ဦးသည် အကျဉ်း ထောင်တွင်း အကျဉ်းသားအချင်းချင်း ရိုက်နှက်မှုများ၊ ထောင်အတွင်းနေထိုင်မှု ကျပ်တည်း မှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှုးမရရှိမှုများကို သီးခြားထုတ်ဖော် တိုင်ကြားခဲ့သည်။ အကျဉ်းသား သုံးထောင်သာဆံ့သည့် မန္တလေးအကျဉ်းထောင်တွင် အကျဉ်း သား ၇၉၂၂ ဦးရှိသည့်အတွက် ၂၆၄% ပမာဏ ကျော်လွန်နေသည်။ အကျဉ်းထောင်တွင်း အလွန် ဖိအားဖြစ်နေသည့် ကိစ္စဖြစ်သော၊ အကျဉ်းသားများကို ပြင်းထန်စွာ ခြိမ်းခြောက်လျက်ရှိသော ထောင်ကျပ်တည်းနေမှုကို ဖြေလျှော့ပေးရန်အတွက် အဖြေရှာရန် သုံးသပ်ချက်များကို MNHRC မှ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပြည်ထဲရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့သည်။

MNHRC မှ အကျဉ်းထောင်များကို စစ်ဆေးစဉ်တွင် နောက်ဆုံးတွေ့ရှိချက်များဖြစ်သော အကျဉ်းထောင် အခြေအနေများသည် ဆက်လက် ပြည့်စုံမှုမရှိခြင်း၊ အကျဉ်းသားများ၏ လူ ့အခွင့်အရေးများသည် ချိုးဖောက်ခံနေ ရခြင်းတို့ကြောင့် မြန်မာနိုင်ငံ တွင်း အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန်အတွက် အလွန် လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များအတွင်း လူဦးရေ ပြည့်ကျပ်နေခြင်းသည် ဆက်လ က်ရှိနေသော လွန် စွာ ကျယ်ပြန့်သည့် ပြဿနာဖြစ်သည့်အ တွက် ထိုအခြင်းအရာကို ချက်ချင်း အဖြေရှာရမည်ဖြစ်သည်။ အိုးဘိုအကျဉ်းထောင်တွင်းတွင် အကျဉ်းသားဦးရေ နှစ်ဆခွဲထက်ပို၍ များပြားနေခြင်းသည် လက်ခံနိုင် စရာမရှိသော်လည်း မြန်မာနိုင်ငံတွင်း အကျဉ်းေ ထာင်များ၌ လူဦးရေ ပြည့်ကျပ်ေ နခြင်းသည် ဖြစ်ရိုး၊ ဖြစ်စဉ် တစ်ခုကဲ့သို့ ဖြစ်နေသည်။ အကျဉ်းထောင်တွင်း အကျဉ်းသားဦးရေ ပြည့်ကျပ်နေခြင်းသည် အကျဉ်းသားများ၏ လုံခြုံမှုန င့် ကောင်းမွန်စွာ နေထိုင်နိုင်မှုကို ခြိမ်းခြောက်လျက်ရှိဖြစ်ပြီး ယခုလက်ရှိတွင် အကျဉ်းထောင်များနှင့် ရဲဘက်စခန်းများ ၌ အကျဉ်းသား ခုနစ်သောင်းကျော်သည် အကျဉ်းကျခံနေရသောကြောင့် အကျ ဉ်းသားများအချင်းချင်း အကြမ်းဖက်မှု၊ ကျန်းမာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုမရှိခြင်းတို့ အပါအဝင် ပြဿနာများစွာ ဖြစ်ပွားလျက်ရှိသည်။

တရားရင်ဆိုင်ခြင်းမပြုမီ မလိုအပ်စွာ ထိန်းသိမ်းထားသော အကျဉ်းသားများကို လွှတ်ပေးခြင်းသည် အကျဉ်းထောင်စနစ်ကို ဝန်ပိစေခြင်းမှ လျော့န ည်း သက်သာစေရန် အလွန် မြန်ဆန်သော နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသော လက်ကျန်နိုင် ငံရေးအကျဉ်းသားများအပါအဝင် အခြေခံ လူ့အခွင့်အရေးကို ကန့်သတ် ထားသော ဖိနှိပ်ထား

.

သည့်  ဥပဒေ ပုဒ်မများဖြင့် လွန်စွာ ဆိုးရွားသော ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များကို ထမ်းဆောင်နေရသူများ အားလုံးကို ဥပဒေများအပေါ်အခြေခံ၍ ပြန်လည် သုံးသပ်မှု ပြုလုပ်ကာ အမြန်ဆုံး လွှတ်ပေးသင့်သည်။

ပြစ်ဒဏ်ထမ်းဆောင်နေသူ ထက်ဝက်နီးပါးသည် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသော အမှုများဖြစ်  ပြီး ထိုအခြင်းအရာမှ အကျဉ်းထောင်စနစ်ကို ကြီးမားစွာ ဝန်ပိစေသည်ကို ပြ     ပသလျက်ရှိသည်။ မူးယစ်ဥပဒေများကို ပြန်လည် သုံးသပ်သင့်ပြီး ပို၍ တရားမျှတမှုရှိစေရန် လွန်စွာ ဆိုးရွားလျက်ရှိသော    ပြစ်ဒဏ်များကို ပြင်ဆင်သင့်သည်။ လွန်စွာ ဆိုးရွားသော ပြစ်ဒဏ်များကို ထမ်းဆောင် နေသူများ  လွတ်မြောက်ကောင်း လွတ်မြောက်ရန် သို့မဟုတ် ၎င်းတို့၏ ပြစ်ဒဏ်များကို လျှော့ချရန်    မူးယစ်ဥပဒေ ပြင်ဆင်၊ဖြည့်စွက်ချက်များကို ပြဋ္ဌာန်းသင့်သည်။ ထိုနည်းအားဖြင့် အကျဉ်းထောင်စနစ်အပေါ် ဝန်ပိစေခြင်းကို သက်သာ လျော့နည်းစေမည်ဖြစ်သည်။

အကျဉ်းဦးစီးဌာနသည် အကျဉ်းထောင်များ ပို၍ တ     ည်ဆောက်ခြင်းအားဖြင့် အကျဉ်းထောင်  တွင်း အကျဉ်းသားဦးရေ အလွန်များပြားနေခြင်းကို ကိုင်တွယ်ဆောင်ရွက်ရန် ဆက်လက် ကြိုးစားေ     ဆာင်ရွက်လျက်ရှိစဉ်တွင်း   ကချင်ပြည်နယ်၊ မြစ်ကြီးနား အကျဉ်းထောင်မှ အကျဉ်းသား တစ်ထောင်ကျော်ကို ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တွင်        အသစ်ဆောက်လုပ်ပြီးစီးခဲ့သော မိုးညှင်း အကျဉ်းထောင်သစ်သို့ ပြောင်းရွှေ့ခဲ့သည်။    လူ့အခွင့်အရေး ပြဋ္ဌာန်း ချက်များ ပြည့်မီရန် အကျဉ်းထောင်  များ  ဖွဲ့စည်းတည်ဆောက်ပုံကို ‌ေ ခတ်နှင့်အညီ ပြုပြင် မွမ်းမံရန် လိုအပ်လျက်ရှိသော်လည်း အကျဉ်းထောင်အခြေအနေ ပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ရန် အကျဉ်းထောင်သစ်  များ ပိုမိုတည်ဆောက်  လျက်ရှိခြင်းသည် ရေရှ ည်တည်တံ့သော  အဖြေမဟုတ်ပါ။ အကျဉ်းထောင်စနစ်၊ တရားရေးစနစ်တို့   ကို ပြုပြင်ပြောင်းလဲခြင်း ၊ ဖိနှိပ်ထားသော ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းသည် အကျဉ်းကျနေသူများနှင့် တရားရင်ဆိုင်နေရသူများအတွက်    လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်ရန် ရေရှည်တည် တံ့မည့် အဖြေတစ်ခုဖြစ်သည်။

ထိုမျှသာမက အကျဉ်းထောင်စနစ်အပေါ် ဝန်ပိနေမှုကို လျော့နည်းသက်သာစေရန် ရေရှည်တည်တံ့သော အဖြေသည် လွတ်မြောက်လာသော အကျဉ်းသားများ ပြန်လည် ပြစ်မှုကျူးလွန်ခြင်းမှ တားဆီးကာကွယ်ရန်   အတွက်  အစီအစဉ်များ ပြုလုပ်ရန် ဖြစ်သည်။ ပညာရေးဆိုင်ရာ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများရရှိခြင်းမရှိပါက ပြန်လည် ပြစ် မှု ကျူးလွန်မှုနှုန်းများ မြင့်မားလာမည်ဖြစ်သည်။  အကျဉ်းထောင်များသည်  ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အပေါ်  အဓိကထားလုပ်ဆောင်သင့်သည်။ ထိုမှသာလျှင် အကျ ဉ်းသားများသည်   ၎င်းတို့၏ လူမှုပတ်ဝန်းကျင်နှင့် တဖန် ပြန်လည် ပေါင်းစပ်နိုင်မည်ဖြစ်ပြီး အတိတ်က ဆောင်ရွက်ခဲ့မှုများ၏ ပြစ်ဒဏ်များကို မရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်း အကျဉ်းထောင်စနစ်ကို အစွန်းအထင်းဖြစ်စေသော အခြား လူ့အခွင့်အရေးချိုးဖောက်မှု ပြဿနာများကို ဖြေရှ   င်းရန် ပို၍ ‌ေ  ကာင်းမွန်သော စံချိန်စံညွှန်းများရှိသည့်  ဥပဒေများကို ပြဋ္ဌာန်းရမည်ဖြစ်သည်။  နိုင်ငံတကာ စံချိန်၊စံညွှန်းများနှင့်အညီ မဟုတ်ပါဟု အရပ်ဘက်အဖွဲ့အစည်းများ (CSOs)များမှ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခဲ့ပြီးနောက်  ၁၉၈၄ ခုနှစ် အကျဉ်းထောင်များ အက်ဥပဒေ၊  ၁၉၀၀  ခုနှစ် အကျဉ်းသားများ အက်ဥပဒေနှင့်      အကျဉ်းသားဖြစ်ကြောင်း သက်သေခံသော     ၁၉၂၀  ခုနှစ် အက်ဥပဒေတို့ဖြင့် ‌ေ ရးဆွဲထားသော ပြည်ထောင်စု    လွှတ်တော် အကျဉ်းထောင်များ ဥပဒေမူကြမ်းကို     ၂၀၁၆  ခုနှစ်တွင် ပြည်ထောင်စု လွှတ်တော်၌ ဆွေးနွေးခဲ့သည်။  AAPP မှ အစိုးရအား လူ့အခွင့်အရေးအဖွဲ့အ စည်းများ၏ ဥပဒေ ဖြည့်စွက်ချက်များ၊ ပြောင်းလဲချက်များကို လက်ခံရန် တိုက်တွန်းပြီး    ကမ္ဘာ့ကုလသမဂ္ဂ၏  အကျဉ်းသားများကို ပြုမူဆက်ဆံရန်အတွက်   အနိမ့်ဆုံး

.

စံချိန်၊စံညွှန်းများ ထည့်သွင်းပေါင်းစပ်ထားသော နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ထား သည့် ဥပဒေကြမ်းကို အတည်ပြုရန် တိုက်တွန်းပါသည်။

စက်တင်ဘာလတွင်းတွင် လယ်သမားများနှင့် ရွာသားများသည် လယ်ယာမြေ အငြင်းပွားမှု ပြဿနာများနှင့် စပ်လျဉ်း၍ ဆက်လက် ဆန္ဒထုတ်ဖော်လျက်ရှိသည်။ ထို့ကြောင့် သင့်တော်သော လျော်ကြေးရရှိရန် အတွက် ဆန္ဒပြသူများကို တရားစွဲဆိုရန် ယခင်က အသုံးပြုခဲ့ပြီး ယခုဆက်လက်ရှိနေသော ဖိနှိပ်ထားသော ဥပဒေများဖြင့် ၎င်းတို့သည် တရားစွဲဆိုခြင်းခံနေရ လျက်ရှိသည်။ စက်တင်ဘာလ ၃ ရက်နေ့တွင် နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သပြေကုန်း၊ နတ်မာ၊ ကွမ်းတော ကျေးရွာများမှ လယ်သမား ရှစ်ဆယ်နီးပါးသည် တပ်မတော်မှ ကာကွယ်ရေးပစ္စည်းစက်ရုံတည်ဆောက်ရန်နှင့် အခြားစီမံကိန်းများအတွက် သိမ်းယူခဲ့သော လယ်ယာမြေများ ပြန်လည်ရရှိရန်အတွက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ လယ်သမားအချို့သည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအတွက် လိုအပ်သော သိမ်းဆည်းခံထားရသော လယ်ယာမြေများပေါ်တွင် ဆက်လက် ထွန်ယက်လျက် ရှိခြင်းအတွက် တရားစွဲဆိုခြင်းခံ ထားကြရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ အုံတုံပင်ကျေးရွာသားများ ပိုင်ဆိုင်သည့် လယ်ယာမြေ ဧက သုံးဆယ်ပေါ်တွင်အမှတ် (၂၈) လုံခြုံရေး ရဲတပ်ရင်းမှ ခြံစည်းရိုးကာရံရန် မြေတူးစက်ဖြင့် ရှင်းလင်းရာမှ ဒေသခံများနှင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအကြား အခြေအနေ တင်းမာခဲ့သည်။ ဒေသခံတောင်သူများ စိုက်ပျိုးလျက်ရှိသော ထိုလယ်ယာမြေဧက သုံးဆယ်ကို ရှင်းလင်းခြင်းအတွက် တောင်သူများကို လာရောက်ညှိနှိုင်းခြင်းမရှိခဲ့သလို လျော်ကြေးပေးခဲ့ခြင်း လည်းမရှိပါ။

စက်တင်ဘာလ ၂၇ ရက်နေ့တွင် International Federation for Human Rights (FIDH) အဖွဲ့အစည်းမှ ကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့ပြီး မန္တလေး -မြို့သာစက်မှုဖွံ့ဖြိုး တိုးတက်ေ ရး အများပိုင်ကုမ္ပဏီမှ ၂၀၁၃ ခုနှစ်တွင် စတင်အကောင် အထည်ဖော်ခဲ့သော မြို့ သာစက်မှုဥယျာဉ်စီမံကိန်းကြောင့် မန္တလေးတိုင်းဒေသကြီး၊ ငါန်း ဇွန်းမြို့နယ်အတွင်းတွင် လယ်ယာမြေ သိမ်းဆည်းမှုများ ဖြစ်ပွားခဲ့သည်ကို ထုတ်ပြန်ခဲ့ သည်။ ထိုအစီရင်ခံသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ထိ သုတေသနပြုလုပ်ထားမှုများကို အခြေခံ၍ဖော်ပြထားသည်။ လယ်ယာမြေဧက ၁၀၃၅၃ (တစ်သောင်း သုံးရာငါးဆယ့်သုံး ) ပေါ်တွင် အကောင်အထည် ဖော်ထားသော မြို့သာစက်မှု ဥယျာဉ်စီမံကိန်းအတွက် ကျေးရွာ ၁၄ ရွာမှ မိသားစု တစ်ထောင်ကျော်၏ လယ်ယာေ မြများသည် သိမ်းဆည်းခြင်းခံခဲ့ရသည်။ ထိုအစီရင်ခံစာတွင် ကုမ္ပဏီမှ လယ်ယာမြေများ တိုင်းတာမှု ပြုလုပ်ရာ၌ လျှော့ပေါ့တိုင်းတာခဲ့သလို လျော် ကြေးငွေ ပေးဆောင်ရာတွင်လည်း သီးနှံလျော်ကြေးကို ကာ လပေါက်ဈေးအတိုင်း မပေးဆောင်ခဲ့သည့်အပြင် မြေယာ လျော်ကြေးကိုလည်း မပေးဆောင်ခဲ့ပါဟုဖော်ပြထားသည်။ ထို့ပြင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၇၊ ၄၂၇၊ ၄၄၇ နှင့် ၅၀၅(ခ) တို့ဖြင့် တရားစွဲဆိုခံခဲ့ရသော သန်းဘို ရွာမှ လယ်သမား (၁၀) ဦး၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ထို ရာဇသတ်ကြီးပုဒ်များဖြင့် တရားစွဲဆိုခံခဲ့ရသော လက်ပံ ကျင်း၊ ပျော်ဘွယ်၊ သန်းဘိုနှင့် ရွာဖိုက်ကျေးရွာများမှ လယ်သမား (၂၃) ဦးအပါအဝင် ဒေသခံ လယ်သမားနှင့် ရွာသား အနည်းဆုံး ၅၅ ဦး သည် လယ်ယာမြေ သိမ်းဆည်းခြင်းနှင့် လယ်ယာမြေများ ရှင်းလင်းခြင်းတို့ကို ဆန့်ကျင်ခဲ့ခြင်းအတွက် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံခဲ့ရသည်။

ယခင် စစ်အစိုးရဟောင်းများလက်ထက်တွင် သိမ်းဆည်းခြင်းခံခဲ့ရသော လယ်ယာမြေများကို ပြန်လည် ပေးအပ်ရန် မကြာသေးမီ လများက အစိုးရမှ ကြိုးပမ်းခဲ့သော်လည်း အစိုးရသစ်လက်ထက်တွင်လည်း လယ်ယာမြေ သိမ်းဆည်းမှုများ ဆက်လက် ဖြစ်ပွား လျက်ရှိသည်ကို အထက်တွင် ဖော်ပြခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အမှုမှ ပြသလျက်ရှိသည်။ အစိုးရမှ မူလ

.

လယ်ပိုင်ရှင်များကို လယ်ယာမြေများ ပြန်လည်ပေးအပ်ရန် စီစဉ်လျက်ရှိချိန်တွင် ထိုလယ်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးသော လုပ်ငန်းစဉ်ကို ဆောင်ရွက်ပါရန် AAPP မှ ဆက်လက် တိုက်တွန်းပါသည်။

စက်တင်ဘာလအစီရင်ခံစာတွင် တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်း၊ လယ်သမားများ၏ လယ်ယာမြေအခွင့်အရေးများ ဆက်လက် ချိုးဖောက်ခံနေရခြင်းနှင့် နိုင်သားများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် နိုင်ငံရေးနှင့် နိုင်ငံသားအခွင့် အရေးများကို ကန့်သတ်ထားမှုများ ဆက်လက်ရှိနေခြင်းတို့ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် AAPP မှ အစိုးရအား နိုင်ငံသားများ၏ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးကို ကာကွယ်ပေးရန် အတွက် ဖိနှိပ်ထားသောဥပဒေများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ဖြည့်စွက်ခြင်းကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။ ထိုသို့ ပြင်ဆင်ဖြည့် စွက်ခြင်းအားဖြင့် အမျိုးသား ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်မှု ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုမျှသာမက အစိုးရအား လက်ကျန် နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံးလွှတ်ပေးရန်လည်း တိုက်တွန်းပါသည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင်** **အတွင်းရေးမှူး+၆၆(၀) ၈၁ ၂၈၇ ၈၇၅၁**
**ဘိုကြည်** **တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၅၃၀ ၈၈၄၀**
**ဦးအောင်မျိုးကျော်** **ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈**

.